# အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
# အမျိုးသားညီညွတ်ရေးအစိုးရ
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဆာဆာ မှ၊ မြန်မာ့ကျွန်းသစ်လုပ်ငန်း၊ ပုလဲလုပ်ငန်းနှင့် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ အပေါ် ဗြိတိန်၏အရေးယူပိတ်ဆို့မှုအသစ်များ ချမှတ်ခဲ့မှုအား ကြိုဆိုလိုက်ပါသည်။

ရက်စွဲ။ ၂၂ ရက်နေ့ ဇွန်လ ၂၀၂၁ခုနှစ်

ဒေါက်တာဆာဆာ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူမှ စစ်အာဏာရှင်များနှင့်ပတ်သက်နေသော ကုမ္ပဏီများအပေါ် ဗြိတိန်၏ ထပ်ဆင့်အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် နိုင်ငံခြားဝန်ကြီး Dominic Raab ၏ ကြေညာချက်အပေါ် ကြိုဆိုလိုက်ပါသည်။ ကျွန်းသစ် နှင့် ပုလဲ ကဲ့သို့သော အဓိကအရင်းအမြစ်များမှ စစ်ကောင်စီ၏ အကျိုးအမြတ် ရနိုင်စွမ်းကို ကန့်သတ်လိုက်ခြင်းသည် ၎င်းတို့၏ ဝင်ငွေစီးဆင်းမှုအပေါ် အကြီးအကျယ် အထိနာစေမည်ဖြစ်ပြီး နိုင်ငံတစ်ဝှမ်းရှိ အကြမ်းဖက်မှုများနှင့် အသက်ဆုံးရှုံးမှုများကို အဆုံးသတ်နိုင်မည့် အရေးပါသည့် နောက်ထပ် ခြေလှမ်းတစ်ခုဖြစ်ပါသည်။

**သတင်းထုတ်ပြန်ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။**

'ယူကေ၏ မြန်မာနိုင်ငံအပေါ် ဆဋ္ဌမအကြိမ်မြောက် အရေးယူပိတ်ဆို့မှုအရ ယနေ့ထုတ်ပြန်ကြေညာသော ကန့်သတ်ချက်များသည် ဒီမိုကရေစီကို ဆက်လက်ယုတ်လျော့စေပြီး မြန်မာနိုင်ငံသားများကို ရက်ရက် စက်စက်နှိမ်နင်းနေသော စစ်အာဏာရှင်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အား ဦးတည်သော နာမည်ပျက်စာရင်းအသစ်ဖြင့် မြန်မာစစ်အာဏာရှင်အဖွဲ့၏ စီးပွားရေး အကျိုးအမြတ်အား ပစ်မှတ်ထားသွားမည် ဖြစ်ပါသည်။ ယခုနှစ်အစောပိုင်းတွင်ဖြစ်ပွားခဲ့သော အာဏာသိမ်းမှု၏ နောက်ဆက်တွဲအရ ယူကေအနေဖြင့် စစ်အာဏာရှင်စနစ်အား အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးဆိုင်ရာ ကူညီပံ့ပိုးမှုအား

ခွင့်ပြုသွားလိမ့်မည်မဟုတ်ကြောင်း ဤအရေးယူပိတ်ဆို့မှုများအားဖြင့် စစ်အာဏာရှင်အဖွဲ့ထံ ပြတ်သားစွာ သတင်းပေးပို့လိုက်ခြင်းပင် ဖြစ်သည်။

ယခုအခါ မြန်မာ့သယံဇာတထုတ်ယူရေးကဏ္ဍအတွင်းမှ အစိုးရပိုင်လုပ်ငန်း (၂) ခု ဖြစ်သော မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာ့ပုလဲလုပ်ငန်းတို့ကို ထပ်မံ၍ ကန့်သတ်မှုများပြုလုပ်သွားမည်ဖြစ်သည်။ ဤကဲ့သို့သော ပိုင်ဆိုင်မှုများ ထိန်းချုပ်မှုကို ချက်ချင်းလက်ငင်း အတည်ပြုလုပ်ဆောင်သွားမည်ဖြစ်ပြီး စစ်အာဏာရှင်စနစ်အတွက် ဝင်ငွေ သန်းချီရှာဖွေပေးနေသော တန်ဖိုးကြီး သဘာဝကုန်စည် (၂) မျိုး ဖြစ်သည့် ပုလဲနှင့် ကျွန်းသစ်လုပ်ငန်းများမှ စစ်အာဏာရှင်အဖွဲ့ အကျိုးအမြတ်ရယူနိုင်စွမ်းမရှိအောင် ပစ်မှတ်ထားသွားမည် ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီး Dominic Raab ပြောကြားချက်အရ။**

ကျွန်ုပ်တို့၏ မဟာမိတ်များနှင့်အတူ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိ တရားမဝင်အာဏာသိမ်း စစ်တပ်၏ ဘဏ္ဍာရေးကို ပစ်မှတ်ထားကာ ၎င်းတို့နှင့် ချိတ်ဆက်နေသော ကုမ္ပဏီများအပေါ် စီးပွားရေးအရ အရေးယူ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပါသည်။ စစ်တပ်သည် ဒီမိုကရေစီကိုဖျက်ဆီးခြင်းနှင့် အရပ်သားပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခြင်းတို့ကို ဆက်လက်ကျူးလွန်နေပါသည်။ ဒီမိုကရေစီပြန်လည်မရမချင်း စစ်အာဏာရှင် နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို ဆက်လက်အရေးယူ ဒဏ်ခတ်ပါမည်။

ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ဗြိတိန်၏မြန်မာနိုင်ငံကုန်သွယ်မှုဆိုင်ရာဆန်းစစ်ချက် အဆုံးအဖြတ်ကို ကြေညာခဲ့ပါသည်။ ပါလီမန်၌ရေးသားထားသောဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဝန်ကြီးအနေဖြင့် ယခုနှစ်အစောပိုင်း အာဏာသိမ်းမှုအပြီးတွင် ချမှတ်ခဲ့သည့် မြန်မာနိုင်ငံအတွင်းကုန်သွယ် မှုမြှင့်တင်ရေးကို ဆိုင်းငံ့ထားမည့်အစီအစဉ်အားဆက်လက်ထိန်းသိမ်းသွားရန် အတည်ပြုသွားခဲ့ပါသည်။

ဗြိတိန်စီးပွားရေးလုပ်ငန်းများသည် လုံ့လဝီရိယရှိရှိဖြင့် ထောက်ပံ့ရေးကွင်းဆက်ကို လုပ်ဆောင်ရမည် ဖြစ်ကြောင်းနှင့် မြန်မာစစ်တပ်အတွက် အကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးဆက်ဆံမှုများမလုပ်သင့် ဟူသော သတင်းစကားကို ထပ်မံပြောကြားရန်အတွက် ဗြိတိန်သည် ကျွန်ုပ်တို့၏ Overseas Business Risk guidance လမ်းညွှန်ကို အားဖြည့်ပေးလိမ့်မည်။

မြန်မာကုန်သွယ်ရေးပြန်လည်ဆန်းစစ်ခြင်းမှ ဗြိတိန်စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင် ဖန်တီးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေသည် ဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ သို့သော်စစ်အာဏာရှင်ကို အမှတ်မထင်ထောက်ခံမိ ခြင်းမှ ရှောင်ရှားနိုင်ရန် တာဝန်ယူမှုရှိသင့်သည်။

ဥရောပသမဂ္ဂ၏ မြန်မာ့သစ်လုပ်ငန်းနှင့်ပတ်သက်၍ အလားတူကြေညာချက်နှင့်အတူ ယနေ့ဒဏ်ခတ် ပိတ်ဆို့မှု အသစ်သည်၊ မကြာသေးမီက ထုတ်ပြန်ခဲ့သော G7 ကြေညာချက် အပြီးတွင် မိတ်ဖက်များနှင့် စီးပွားရေး လုပ်ငန်းများကို မြန်မာနိုင်ငံရှိ ၎င်းတို့၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၌ လုံ့လဝီရိယရှိရှိကျင့်သုံးရန် တိုက်တွန်း ထားခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ဦးဆောင်မှုအောက်တွင် G7 သည် အာဏာသိမ်းမှုကို ရပ်တန့်ရန်နှင့် အာဆီယံ ဘုံသဘောတူညီချက် ငါးချက်ကို ချက်ချင်းအကောင်အထည်ဖော် အတည်ပြုရန် ဆက်လက်တောင်းဆိုခဲ့သည်။ ’

**H.E. ဒေါက်တာဆာဆာ၏ ထုတ်ပြန်ချက်။**

'ယနေ့ ကျွန်ုပ်အနေဖြင့် ယူနိုက်တက်ကင်းဒမ်းအား G7 ထိပ်သီးအစည်းအဝေးနှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် မြန်မာပြည်သူများကို ထောက်ခံအားပေးခြင်းနှင့် ကိုယ်စားပြုသော အသံအဖြစ် ဦးဆောင်မှုပေးခြင်းအပြင် စစ်အာဏာရှင်နှင့် ပတ်သက်နေသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်း များအပေါ် တင်းကျပ်ပြင်းထန်သော ပစ်မှတ်ထား ပိတ်ဆို့မှုများ ချမှတ်ခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ဗြိတိန်သည် ကျွန်ုပ်တို့၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အခိုင်အမာ ထောက်ခံသူဖြစ်ပြီး၊ မြန်မာပြည်သူလူထုနှင့်အတူ ဆက်လက်ရပ်တည် ထောက်ခံအားပေးမှုများအတွက် မြန်မာပြည်သူ ၅၄ သန်း ကိုယ်စား ကျွန်ုပ်စိတ်ရင်းအမှန်ဖြင့် ကျေးဇူးတင်ကြောင်းပြောကြားလိုပါသည်။

မြန်မာပြည်သူများနှင့် မှန်ကန်စွာရွေးကောက်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ၏အမျိုးသားညီညွတ်ရေးအစိုးရအား ဆက်လက်ထောက်ခံအားပေးရန်နှင့် ရက်စက်ကြမ်းကြုတ်သော တရားမဝင် စစ်ကောင်စီ (SAC) ၏အာဏာသိမ်းပိုက်မှုကို ရပ်တန့်ရန်အတွက် ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံအားလုံးကို ကျွန်ုပ်တို့နှင့်အတူရပ်တည်ပြီး ထောက်ခံပေးရန် တိုက်တွန်းအပ်ပါသည်။ အထူးသဖြင့် နိုင်ငံအားလုံးကို စစ်ကောင်စီနှင့် ၎င်း၏အဖွဲ့အစည်းများပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ထိတွေ့ဆက်ဆံမှုများ မပြုလုပ်ရန်နှင့် သံတမန်ရေးအရဖြစ်စေ စီးပွားရေးအရဖြစ်စေ ပိုမိုထိရောက်စွာညှိနှိုင်းပြီး ပစ်မှတ်ထားသော အရေးယူပိတ်ဆို့မှုများပြုလုပ်နိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤကဲ့သို့ပိုမိုတင်းကျပ်သော ကန့်သတ်ချက်များ နှောင့်နှေးကြန့်ကြာသည်နှင့်တစ်ပြိုင်နက် အသက်ဆုံးရှုံးမှု ပိုမိုများပြားလာပြီး ထောင်နှင့်ချီသော မြန်မာပြည်သူများသည် မိမိတို့အိုးအိမ်များကိုစွန့်ခွာထွက်ပြေးကြရပြီး သူတို့၏ပိုင်ဆိုင်မှုအားလုံးကိုစွန့်လွှတ်ကြရသည်။ ကျွန်ုပ်တို့အားလုံးအတူတကွ ဤအရာများကို တစ်ကြိမ်တည်းနှင့် တစ်ခါတည်း အဆုံးသတ်နိုင်ရန်နှင့် မြန်မာပြည်သူလူထုအားလုံးအတွက် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အတူတကွတည်ဆောက်နိုင်ရန်အတွက် အဆွေတို့၏ အကူအညီကိုလိုအပ်လျက်ရှိသည်။

မြန်မာ့သမိုင်း၏ အမှောင်ဆုံးအချိန်မှာ ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူ ၅၄ သန်းနှင့် မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏တောင်းဆိုချက်များကို အသိအမှတ်ပြုခြင်းနှင့် သင်တို့၏ထောက်ခံအားပေးမှုများကြောင့် နောင်လာမည့်မျိုးဆက်များအတွက် ကျွန်ုပ်တို့သည် အဆွေတို့၏သစ္စာရှိမိတ်ဖက်များ၊ မိတ်ဆွေများနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ အဖြစ်ဆက်လက်တည်ရှိရန် သေချာစေ လိမ့်မည်ဖြစ်သည်။'

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာ**
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး၊
အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ၊
မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်လောင်း

ဗြိတိန်အစိုးရ၏သတင်းထုတ်ပြန်အချက်အပြည့်အစုံကို အောက်ပါလင့်ခ်တွင်ဖတ်ရှုနိုင်ပါသည်။

https://www.gov.uk/government/news/foreign-secretary-announces-further-sanctions-on-companies-linked-to-myanmars-military-regime